စီရင်ချက်ပုံစံ

**စမ်းချောင်းမြို့နယ်တရားသူကြီးရုံးတော်၌**

၂၀၁၉ ခုနှစ်၊ ဇူလိုင် လ ၊ ၁၈ ရက်နေ့။

၂၀၁၉ ခုနှစ် ၊တရားမကြီး မှု အမှတ် ၆။

ဦးမျိုးဝင်း နှင့် ဦးကျော်လွင်

( တရားလို ) ( တရားပြိုင် )

တရားလိုအတွက် - ဒေါ်နီနီထွန်း၊ တရားလွှတ်တော်ရှေ့နေ

တရားပြိုင်အတွက် - မလာ

**ငွေကျပ် ၃၇၃၄၀၀၀/-(ကျပ် သုံးဆယ့်ခုနှစ်သိန်းသုံးသောင်းလေးထောင်တိတိ)ရလိုမှု**

**စီရင်ချက်**

အမှုမှာ ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ ဝေါလမ်းနေ တရားလို ဦးမျိုးဝင်းက မိတ်ဆွေဖြစ်သူ စမ်းချောင်းမြို့နယ်၊ သရက်တောလမ်း၊ အမှတ်(၂၀၇)နေ ဦးကျော်လွင် အပေါ် ငွေကျပ် ၃၇၃၄၀၀၀/-(ကျပ် သုံးဆယ့်ခုနှစ်သိန်းသုံးသောင်းလေးထောင်တိတိ)ရလိုမှု တရားစွဲဆိုခြင်းဖြစ်သည်။

တရားလို၏အဆိုအရ တရားလိုနှင့် တရားပြိုင်တို့မှာ ခင်မင်ရင်းနှီးသည့် မိတ်ဆွေများဖြစ်ပြီး တရားပြိုင်မှ တရားလိုထံမှ ဘိလပ်မြေများအား ခေါက်ပြန်ကြေးစနစ်ဖြင့် ဝယ်ယူခဲ့ရာ တရားလိုထံသို့ ဘိလပ်မြေဖိုးပေးရန်ကျန်ငွေ ၁၀၇၃၄၀၀၀/- ပေးရန်ရှိကြောင်းနှင့် ပေးချေရမည်မှာ မှန်ကန်ကြောင်းနှင့် ၃၁-၅-၂၀၁၆ ရက်နေ့တွင် နောက်ဆုံးထားပေးပါမည်ဟု ဝန်ခံကတိပြု၍ အသိသက်သေများရှေ့တွင် နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ကို ၁၀-၄-၂၀၁၆ ရက်နေ့တွင် ရန်ကုန်၌ချုပ်ဆိုခဲ့ကြောင်း၊ ၃၁-၅-၂၀၁၆ ရက်နေ့တွင် တရားပြိုင်မှ မပေးနိုင်သေး၍ ၂ လခန့်ထပ်မံစောင့်ရန်ပြော၍ စောင့်ဆိုင်းပေးခဲ့ကြောင်း၊ ၇-၇-၂၀၁၆ ရက်နေ့တွင် တရားပြိုင်မှ ငွေ ကျပ် သိန်း ၂၀ အား မြေနီကုန်းစိတ်တိုင်းကျလက်ဘက်ရည် ဆိုင်၌ လ ၃၁-၅-၂၀၁၆ ရက်နေ့တွင် တရားပြိုင်မှ မပေးနိုင်သေး၍ ၂ လခန့်ထပ်မံစောင့်ရန်ပြော၍ စောင့်ဆိုင်းပေးခဲ့ကြောင်း၊ ၇-၇-၂၀၁၆ ရက်နေ့တွင် တရားပြိုင်မှ ငွေ ကျပ် သိန်း ၂၀ အား မြေနီကုန်းစိတ်တိုင်းကျလက်ဘက်ရည်ဆိုင်၌လည်းကောင်း၊ ၃-၄-၂၀၁၇ ရက်နေ့တွင် ငွေကျပ်သိန်း ၂၀ ကို KBZ ဘဏ်မှလည်းကောင်း၊ ၆-၂-၂၀၁၉ ရက်နေ့တွင် ငွေကျပ်သိန်း (၃၀)အား KBZဘဏ်မှလည်းကောင်း တရားလိုသို့ပြန်လည်ပေးဆပ်ခဲ့ကြောင်းနှင့် ကျန်ငွေ ၃၇၃၄၀၀၀/- အား ၆-၃-၂၀၁၉ ရက်နေ့တွင် ပြန်လည်ပေးဆပ်ပါမည်ဟု ကတိပြုခဲ့သော်လည်း လာရောက်

( တရားသူကြီး )

ပေးဆပ်ခြင်းမရှိကြောင်း၊ တရားလိုဘက်မှ အကြိမ်ကြိမ် ဆက်သွယ်တောင်းခံခဲ့သော်လည်း ယနေ့အချိန်အထိ ပြန်လည်ပေးဆပ်ခြင်းမရှိသဖြင့် ဤအမှုကိုစွဲဆိုရခြင်းဖြစ်သည်။

တရားပြိုင်များထံ နည်းလမ်းတကျ ငြင်းချက်ထုတ်ရန်သမ္မာန်စာ ထုတ်ဆင့်ရာ တရားပြိုင်မှာ ဖော်ပြပါလိပ်စာတွင်နေထိုင်ခြင်းမရှိတော့၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀(က)အရ သတင်းစာတွင် အခြားနည်းဖြင့်ထည့်သွင်းကြေငြာခဲ့ပြီးနောက် တရားပြိုင်မှာ ရုံးရှေ့သို့လာရောက်ခြင်းမရှိသောကြောင့် တရားမ ကျင့်ထုံးဥပဒေ အမိန့် ၉ ၊ နည်းဥပဒေ ၆ (၁) အရ တရားပြိုင်၏ မျက်ကွယ်တွင် အမှုအား တစ်ဘက်သတ်စစ်ဆေးသွားမည်ဖြစ်ကြောင်း သတိပေးကာ တရားလိုနှင့် လိုပြသက်သေများဖြစ်သော ဦးကျော်ဟန်တင်၊ ဦးသိန်းဝင်း၊ ဦးသန်းထိုက်တို့အား ဆက်လက်ကြားနာခဲ့ပြီး အောက်ပါအတိုင်း ဆုံးဖြတ်သည်။

အမှုတွင် တရားပြိုင် ဦးကျော်လွင်မှ တရားလို ဦးမျိုးဝင်းထံမှ ဘိလပ်မြေများအား ခေါက်ပြန်ပေးစနစ်ဖြင့် ဝယ်ယူခဲ့ပြီး ဘိလပ်မြေဖိုးငွေစုစုပေါင်း ၁၀၇၃၄၀၀၀/- ကျပ် ပေးရန် ရှိခဲ့ရာ ၇-၇-၂၀၁၆ ရက်နေ့တွင် ငွေသိန်း ၂၀၊ ३-၄-၂၀၁၇ ရက်နေ့တွင် ငွေကျပ် သိန်း ၂၀၊ ၆-၂-၂၀၁၉ ရက်နေ့တွင် ငွေကျပ်သိန်း (၃၀)အား ပေးဆပ်ခဲ့ရာ ကျန်ငွေ ३७३၄၀၀၀/- ကျပ် ကျန်ရှိကြောင်း တရားလိုမှ ထွက်ဆိုခဲ့ပြီး တရားလိုပြသက်သေများဖြစ်သော ဦးကျော်ဟန်တင်၊ ဦးသိန်းဝင်း၊ ဦးသန်းထိုက်တို့မှ ထောက်ခံထွက်ဆိုခဲ့သည်။ တရားပြိုင်မှ တရားလိုထံသို့ ဘိလပ်မြေဖိုးငွေ ၁၀၇၃၄၀၀၀/- ကို ပေးရန်ရှိကြောင်း နှစ်ဦးသဘောတူကတိစာချုပ်ကို ချုပ်ဆိုခဲ့ပြီး တရားလိုမှ သက်သေခံ(က) အဖြစ်တင်သွင်းခဲ့သည်။ စာချုပ်အရ တရားလိုမှာ တရားပြိုင်အား ငွေပေးရန်ရှိကြောင်းပေါ်ပေါက်လျက်ရှိသည်။ တရားပြိုင်မှ ပြန်လည်ပေးဆပ်ခဲ့သည့် ငွေ သိန်း ၇၀ ကိုလည်း တရားလိုဘက်မှ အတိအလင်းဖော်ပြကာ ထုတ်နုတ်ပြီး ကျန်ငွေ ३७३၄၀၀၀/- ကိုသာ ပြန်လည်တောင်းခံခဲ့သည်ကိုတွေ့ရသည်။ တရားလိုနှင့် တရားပြိုင်တို့၏ငွေပေးငွေယူကိစ္စများတွင် လိုက်ပါသိရှိဆောင်ရွက်ခဲ့သူများမှလည်း တရားလိုဘက်မှထောက်ခံထွက်ဆိုခဲ့သည်ဖြစ်ရာ ရုံးရှေ့ရှိသက်သေအထောက်အထား၊ ထွက်ဆိုချက်များအရ တရားပြိုင်သည် တရားလိုထံ ဘိလပ်မြေဖိုးကျန်ငွေ ३७३၄၀၀၀/- အား ပေးဆပ်ရန်ရှိသည်ဟုမှတ်ယူရန်သာရှိပေသည်။

ထို့ကြောင့် တရားပြိုင် ဦးကျော်လွင်သည် တရားလိုဦးမျိုးဝင်းထံပေးရန်ရှိသည့်ငွေ ३७३၄၀၀၀/-(သုံးဆယ့်ခုနစ်သိန်းသုံးသောင်းလေးထောင်ကျပ်တိတိ)ကို စရိတ်နှင့်တကွ ပြန်လည်ပေးဆပ်စေရန် တရားလိုအား အနိုင်ဒီကရီ ချမှတ်ပေးလိုက်သည်။

ရှေ့နေခ ३၀၀၀၀/- သတ်မှတ်သည်။

( စုမြတ်မြတ်ငြိမ်း )
တွဲဖက်မြို့နယ်တရားသူကြီး(၂)
စမ်းချောင်းမြို့နယ်တရားရုံး

(ခွင်တာရော၊ )

မိတ္တူမှန်